ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

နောင်မွန်ကျေးရွာအုပ်စု၊ ကောင်းသပြေကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကောင်းသပြေကျေးရွာ၊ လားရှိုးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ကောင်းသပြေကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ကောင်းသပြေကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ကောင်းသပြေကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ဝိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄

	(c) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၈
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


ဇန်နဝါရီ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းသပြေကျေးရွာ
လားရှိုးမြို့နယ်

ကောင်းသပြေကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



ကောင်းသပြေကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ကောင်းသပြေကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့ကောင်းသပြေကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ကောင်းသပြေကျေးရွာဖြစ်ပါသည်။ လားရှိုးမြို့၏ အနောက်တောင်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၆)မိုင်ခန့်ကွာဝေးပါသည်။ နောင်မွန်အထက် တန်းကျောင်းမှ မန်ဆန်ရေကျလမ်းပေါ် (၅)ဖာလုံအကွာတွင် တည်ရှိပါသည်။ ကောင်းသပြေကျေးရွာသည် ကုန်းပေါ်သဏ္ဌာန်တည်ရှိပြီး ရွာ၏အနေအထားသည် မြေပြန့်အနေအထားရှိပါသည်။

ရွာ၏အရှေ့တောင်အရပ်တွင် စိမ့်စမ်းရေတောနည်းနည်းသာရှိပါည်။ စိမ့်စမ်းရေတော အောက်တွင် လယ်ယာ(၄)ဧကလောက်သာ အသုံးပြုနိုင်ပြီး ရွာ၏အနောက်ဘက်တွင် တောင်ကုန်းတစ်ခုရှိပါသည်။ ထိုတောင်ကုန်းပေါ်တွင် ယာအနည်းငယ်လုပ်နိုင်ပြီး ထင်းခုတ်တောသာ အသုံးပြုထားပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧကမှာ လယ်ယာမြေ(၂၄)ဧက၊ တောင်ယာမြေ (၆၀)ဧက စုစုပေါင်း (၈၄)ဧကရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကောင်းသပြေကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး လူဦးရေစုစုပေါင်း(၂၄၅)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား (၁၃၁)ဦးန၊ မ (၁၁၄)ဦး စုစုပေါင်း(၂၄၅) ဦးရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၄)ဦး၊ မ (၁) ဦး၊ (၅) နှစ်အောက် ကလေးငယ်မှာ ကျား(၁၆) ဦး၊ မ(၄) ဦး၊ မူလတန်း ကျောင်းသားအရွယ် ကျား (၁၉) ဦး၊ မ(၅) ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၅) ဦး၊ မ(၁၀) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၇၈) ဦး၊ မ(၈၆) ဦး၊ သက်ကြီးရွယ်ကြီးတွင် ကျား(၁၀) ဦး၊ မ (၈) ဦး ရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သောမိဘများသည် ကလေးများ ဖျားနာမည် စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်

များကို မူကြို ကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက် ကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် နောင်မွန်(အ.ထ.က) ကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျေးရွာမှ စာသင်ကျောင်းသို့ (၅)ဖာလုံခန့် ခြေလျင်ဖြင့် တက်ရောက်ကြရပါသည်။ ကလေးငယ်များသည် မူလတန်းပညာကို (၆)နှစ်(၇)နှစ်မှ စတင်တက်ရောက်ကြပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်း နှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ နှင့်တရုတ်နိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၂၄)ဧကနှင့် တောင်ယာမြေ(၆၀)ဧကရှိပါသည်။ တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းပြီးပါက အခြားလုပ်ငန်းမရှိပါ။ မြေယာမဲ့များသောကြောင့် လုပ်သားအင်အား လုပ်ကိုင်နိုင်မှုများပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါသည်။ တောင်ယာလုပ်ငန်းများတွင် အမျိုးသမီးများသည် နေ့စားအငှားလိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုး ခြင်း၊ ပေါပါင်ရှင်းခြင်း၊ စပါစိုက်ခြင်းများလည်း လုပ်ကိုင်ပြီး စားသောက်ကြပါသည်။ လားရှိုး မြို့၊ လောက်ကိုင်မြို့ နှင့် တရုတ်ပြည်၊ ထိုင်းနိုင်ငံသွားရောက်၍ အလုပ်လုပ်ကိုင်သူ များလည်းရှိပါသည်။ ကျေးရွာတွင် ဈေးရောင်းခြင်းလုပ်ငန်းလုပ်ကိုင်သည့် ဈေးဆိုင်(၄)အိမ်ရပါသည်။ ကျေးရွာတွင် တောင်ယာနေ့စားလုပ်အားခကို အနည်းဆုံး(၅၀၀၀)မှ အများဆုံး(၇၀၀၀)ထိရရှိပါသည်။

အချို့တွင် ပြောင်းချိုးပါက (၁)အိတ်(၅၀၀)နှုန်းဖြင့် လုပ်အားခရရှိပါသည်။ ကျွန်တော်တို့ရွာတွင် ရာသီပေါ်လုပ်ငန်းကို အဓိကလုပ်ပါသည်။ ပန်းရံ၊ လက်သမား၊ လုပ်ငန်းများက အနည်းငယ်သာရှိပါသည်။ ကောင်းသပြေကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု( )အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၃)အိမ်၊ မပြေလည်သောအိမ်ထောင်စု(၁၅)အိမ်၊ အလွန်မပြေလည်သော အိမ်ထောင်စု(၂၆) အိမ်ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၇)ဧကနှင့် အထက်ရှိပြီး သွပ်မိုး၊ ထရံကာ၊ အုတ်ခုံအိမ်များနှင့်နေထိုင်ကြပြီး ထော်လာကျီများ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၃) ဧကအထက်ပိုင်ဆိုင်ကြပြီး သွပ်မိုး၊ မြေစိုက်ထရံကာအိမ်ဖြင့်နေထိုင်ကြပြီး ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိဘဲ ထရံကာ အိမ်ဖြင့်သာနေထိုင်ကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင် ထင်းမီးသွေးဖုတ်ခြင်းကြောင့် သစ်တောများ ပြုန်းတီးမှု မြင့်ပါသည်။ ကျေးရွာအတွင်း ဆိုင်ကယ်စျေးသည်များမှ မသန့်ရှင်းသောအသားများ လာရောက် ရောင်းချခြင်းကြောင့် ရွာသားများလည်း ဝမ်းပျက်ဝမ်းလျှောများ ဖြစ်ပွားကြပါသည်။ တိရိစာန် ကူးစက်ရောဂါ များလည်း အနည်းငယ်ကျရောက်မှုရှိပါသည်။

ကျွန်တော်တို့ကောင်းသပြေကျေးရွာတွင် လူငယ်များမူးယစ်ဆေးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်သောကြောင့် လူငယ်အချို့တွင် ထိခိုက်မှုများတွေ့ရှိရပါသည်။ အမျိုးသားများ သည် မူးယစ်ဆေးသုံးစွဲသူများပြား၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေစားသောက်ရသောကြောင့် ထိခိုက်မှုများရှိလာနိုင်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်းများသည် ကျေးရွာအတွင်း ကြုံရာကျပန်း၊ အလုပ် လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရွောင် လုပ်ကိုင်ရခြင်းများကြောင့် ကျန်းမာရေးထိခိုက်ခြင်းများ ခံစားကြရပါသည်။ လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်မှုများလည်း ရှိလာနိုင်ပါသည်။ ဆေးစွဲသူများသည် မူးယစ် ဆေးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ်နိုင်ရုံသာမက လူမှုရေး၊ ကျန်းမာ ရေး ၊ စီးပွားရေးကိစများ၌ လစ်ဟာမှုများ၍ ထိခိုက်မှုမြင့်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အမျိုးသားများသည် မူးယစ်ဆေးသုံးစွဲနေသူများပြား၍ အလုပ်မလုပ်နိုင်၍ လင်မယားကွဲခြင်း၊ အမျိုးသမီးများမှာ ပြောင်းစိုက်၊ မြက်ရှင်းခြင်းနေ့စားလုပ်ငန်းများလုပ်ကိုင်ပြီး ရှာဖွေစားသောက်ကြ ရသည်။ အချို့သည်လည်း ကိုယ်လက်မသန်စွမ်းပြီး လေဖြတ်နေသူများလည်းရှိသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာတွင် တောင်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး မြေပိုင်ဆိုင်မှု နည်းပါသည်။ တောင်ယာလုပ်ငန်းများသည် မိုးကိုသာ အားကိုး၍ စိုက်ပျိုးပါသည်။ တောင်သူများ သည် စိုက်ပျိုးရေးထွက်ကုန်များ ကျဆင်းမှု ကြုံတွေ့ရပါသည်။ မြေဆီလွှာ အရည်အသွေးမှာ မြေဩဇာပိုမိုသုံးစွဲမှသာ သီးနှံများ အထွက်နှုန်းတိုးပါသည်။ ကျွန်တော်တို့ကောင်းသပြေကျေးရွာ တွင် အလွန်ချမ်းသာသော အိမ်မရှိပါ။ အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၃)အိမ်၊ မပြေလည် သော အိမ်ထောင်စု(၁၅)အိမ်နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၆)အိမ်ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၅)ဧကအထက်ပိုင်ဆိုင်ကြပြီး သွပ်မိုး ၊ ထရံကာအိမ်များ၊ အုတ်ခုံအိမ်များနှင့် နေထိုင်ကြပြီး ထော်လာဂျီများပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၁)ဧကအထက်ပိုင်ဆိုင်ကြပြီး သွပ်မိုး၊ မြေစိုက်ထရံကာအိမ်ဖြင့် နေထိုင်ကြပြီး ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော

အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိပါ။

ကျွန်တော်တို့ ကောင်းသပြေကျေးရွာ၏ (၁၃%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသား အိမ်ထောင်စုများဖြစ်ကြပါသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်ပါသည်။ မြေပိုင်ဆိုင်မှု (၁)ဧကအထက်ပိုင်ဆိုင်သူများသည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု (၃)ဧကအထက်ပိုင်ဆိုင်သူများသည် တောင်သူငယ်များဖြစ်ပြီး လယ်ယာမြေလုံလောက်မှုရှိပါသည် ။ မြေပိုင်ဆိုင်မှု(၅)ဧကအထက်ပိုင်ဆိုင်သူများသည် တောင်သူလတ်များဖြစ်ပြီး လယ်ယာမြေပိုင်ဆိုင်မှုများသည် ။ တောင်သူကြီးသည် လယ်မြေ(၇)ဧကအထက် ပိုင်ဆိုင်သူ(၁၀%)ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေနှင့်သောက်သုံးရေကို စိမ့်စမ်းရေမှရရှိပြီး မိုးရာသီတွင် ရေပေါများပြီး နွေရာသီတွင် ရေအနည်းငယ်ခမ်းပါသည်။ ထိုစိမ့်စမ်းရေများကို တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ရန်အတွက် ကျေးရွာရပ်မိရပ်ဖများမှ ရေထိန်းတောများပြုလုပ်၍ ထိန်းသိမ်းထားပါသည်။ ကျေးရွာရှိစိမ့်စမ်းရေသည် လယ်မြေဧက(၄)ဧကသာအသုံးပြုနိုင်ပြီး မိုးတွင်းချိန်တွင်သာပေါများပြီး နွေပိုင်းတွင် လျော့ကျပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စပါး(၁) ဧကလျှင် ပျမ်းမျှ အထွက်နှုန်း တင်း(၄၀)ထွက်ရှိပြီး ပြောင်း(၁)တစ်ဧကလျှင် ပျမ်းမျှတင်း(၁၅၀၀) ထွက်ရှိပါသည်။ စပါးနှင့်ပြောင်းစိုက်ပျိုးသည့် ကာလမှာ ဇွန်လမှနိုဝင်ဘာလအထိ ဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့်ဓာတုပိုးသတ်ဆေးများကို နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ ထို့သို့ဝယ်ယူရာတွင် ငွေကျပ်(၁)သိန်းလျှင် အတိုး(၅၀၀၀)ကျပ်ဖြင့် ပိုပေးရပါသည်။ လုပ်သားဌာရမ်းသူများသောကြောင့် လုပ်သားဌားရမ်းရန် ခက်ခဲပါသည်။ မြေယာပြုပြင်ခြင်းများကို ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များဖြင့် လည်းကောင်း၊ ငှားရမ်းခြင်းဖြင့်လည်းကောင်း အသုံးပြုကြပါသည်။ အမြတ် ရရှိနိုင်မှုမှာ အသင့်တင့်သာလျှင် ရရှိပါသည်။ စပါးကိုမိသားစုစားသုံးရန်အတွက်သာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများနည်းပါးခြင်းကြောင့် တောင်ယာ ၊ လယ်ယာလုပ်ကိုင်သူတိုင်းထွန်စက်မရှိသဖြင့် စိုက်ပျိုးချိန်တွင် ထွန်စက်ငှား၍ အသုံးပြုသူလည်းရှိပါသည်။ ကျွန်တော်တို့ ကျေးရွာ၏ သဘာဝရာသီဥတုအခြေအနေမှာ အတော်အသင့် ကောင်းမွန်ပြီးမြေပြန့်တွင် အဓိကစိုက်ပျိုးပြီး တောင်ကုန်းတွင် အနည်းငယ်စိုက်ကြပါသည်။ ထို့ကြောင့် ကျေးရွာရှိလယ်ယာမြေများသည် အသင့်အသင့်သာ အသုံးချစိုက်ပျိုးနိုင်ပါသည်။ မျိုးကောင်းမျိုးစေ့များကို နောင်မွန်စျေးတွင် ဝယ်ယူရရှိနိုင်ပါသည်။

စိုက်ပျိုးရာသီတွင် လုပ်သားဌားရမ်းသူများသောကြောင့် လုပ်သားရရှိနိုင်မှုမှာ အခက်အခဲအနည်းငယ်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးကျရောက်မှု

အနည်းငယ်ရှိခြင်းကြောင့် သီးနှံအထွက်နှုန်း နည်းပါသည်။ သီးနှံများစိုက်ပျိုးရာတွင် ကြုံတွေ့ရမည့် ပြဿနာနှင့်အခက်အခဲများအတွက် ဖြေရှင်းနိုင်သည့်နည်းလမ်းနှင့် ၊ သင်ကြားပြသမှုများ လိုအပ် လျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် ကျွဲ(၂)ကောင်၊ ဝက်(၅၆)ကောင်နှင့် ကြက်(၂၀၀)ကောင်ကို တစ်ဖက်တစ်လမ်းမှ ဝင်ငွေအနည်းငယ်ရရှိရန် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ တိရိစ္ဆာန်များကို ကြိုတင် ကာကွယ်ဆေးထိုးနှံမှုမရှိပါ။ ရောဂါဖြစ်ပွားမှသာ သဘာဝဆေးနည်းဖြင့် ကုသကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေအလုံ အလောက်ရရှိနိုင်ပါသည်။ မျိုးကောင်းတိရိစ္ဆာန်များကို အသင့်အတင့်ဝယ်ယူရရှိနိုင်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီး အစာ၊ ဆေးများကိုလည်း နီးစပ်ရာစျေးကွက်တွင် ဝယ်ယူရရှိနိုင် ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေ ရှားပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေး အသိပညာ၊ အတတ်ပညာဝန်ဆောင်မှုများ မရရှိပါ။ မွေးမြူရေး နည်းပညာဝန်ဆောင်မှုများ ရရှိလျှင် ကျွန်တော်တို့ရွာအတွက် အလွန်အဆင်ပြေပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာရန် မလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် လုပ်သားအင်အားကို အသင့်အတင့်ရရှိနိုင်ပါသည်။ လမ်းပန်း ဆက်သွယ်ရေးမှာလည်း ကျောက်ခင်းလမ်းဖြစ်သောကြောင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာကို တတ်မြောက်သူ အနည်းငယ်ရှိ ပါသည်။ ဒေသထွက်ကုန်များ ရောင်းချရန် စျေးကွက်နှင့်အသိအမြင်များမရှိ၍ စျေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများ လုံးဝမရရှိပါ။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် ငွေချေးပေးသူများထံတွင် အတိုးနှုန်း ၂% မှ ၃% ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို ဖိလမှ ၁နှစ်အတွင်း ပြန်၍ဆပ်ရ ပါသည်။ ချေးငွေများကို ချေးယူရာတွင် အပေါင်ခံပစ္စည်း မလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်း

များသောကြောင့် တောင်ယာလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အလွန်ပင်အခက်အခဲ ရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာသည် နောင်မွန်-မန်ဆန်ရေကျလမ်းပေါ်တွင်တည်ရှိ၍ ကတရာလမ်းဖြစ်ပါသည်။ ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိသောကြောင့် မည်သည့်တံတားအမျိုးအစားမှ အသုံးပြုခြင်းမရှိပါ။ ကျွန်တော်တို့ဟိုဟွေ့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် ဆိုင်ကယ်(၅၃)စီး၊ ထော်လာကျီ(၁၁)စီးရှိပါသည်။ အများအားဖြင့် ဆိုင်ကယ်ကိုသာ အသုံးပြုကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကျေးရွာတွင် ဆိုလာဘက်ထရီမီးများကိုသာ အသုံးပြုကြပါသည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စု(၂၆)အိမ်ရှိပြီး ပြုပြင်ထိန်းသိမ်းရေးစနစ်မှာ ညံ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆိုလာပျက်သည့်အချိန်တွင်ပြုပြင်ရန်အတွက် ဆိုင်မရှိဘဲ အသစ်သာ ဝယ်ရခြင်းကြောင့်ဖြစ်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် အိမ်တိုင်းနီးပါး တယ်လီဖုန်းများရှိပါသည်။ ကျေးရွာတွင် MPT နှင့်တယ်လီနောလိုင်းများသာရှိပြီး အင်တာနက်လိုင်းဝန်ဆောင်မှုမရရှိပါ။ ဖုန်းအပြင်အခြားဆက်သွယ်ရေးပစ္စည်းများ သုံးစွဲမှုမရှိကြပါ။

၇။ ပညာရေး

ကျွန်တော်တို့ကျေးရွာတွင် စာမတတ်သူဦးရေ ကျား()ဦး၊ မ(၁၃)ဦး၊ မူလတန်း အဆင့်ရှိသူဦးရေ ကျား(၆၄)ဦး၊ မ(၅၂)ဦးရှိပြီး အလယ်တန်းအဆင့် ကျား(၁၇)ဦး၊ မ(၃၂)ဦး၊ အထက်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၁)ဦး၊ မ(၇)ဦးသာရှိပြီး တက္ကသိုလ်/ကောလိပ် အဆင့်ထိ ကျောင်းဆက်တက်သူဦးရေမှာ မရှိသလောက်ရှားပါသည်။ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ တက္ကသိုလ်/ ကောလိပ် ကျောင်း များနှင့် အတော်အတန်ကွာဝေးခြင်း၊ ပညာရေးကိုဦးစားမပေးခြင်းနှင့် မိဘများစားဝတ်နေရေးခက်ခဲခြင်းတို့ကြောင့် အလယ်တန်း၊ အထက်တန်း နှင့်တက္ကသိုလ်/ကောလိပ် အဆင့်ထိ တက်ရောက်နိုင်မှု အားနည်းပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အရွယ်ရောက်ပြီး ကလေးများကျောင်းတက်ရသူများသော်လည်း ကျောင်းမတက်ရသူလည်းရှိပါသည်။ ကျောင်းသား/သူကလေးများတွင် မူလတန်းအဆင့်မှ

အလယ်တန်းအဆင့်တက်ရောက်နိုင်သူနည်းပါးသကဲ့သို့ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ တက်ရောက်နိုင်သူများလည်းရှိပါသည်။ နောင်မွန်စာသင်ကျောင်းတွင် ကျောင်းသားဦးရေများပြား သဖြင့် ဘော်ဒါဆောင်၊ ကျူရှင် ဘော်ဒါဆောင်မထားပါက စာမလိုက်နိုင်ကြပါ။ ကျူရှင်စျေးကြီးခြင်း၊ ကြိုပို့မအားလပ်ခြင်းအခက်အခဲများကြောင့် အဆင့်မြှင့်ပညာရပ်များကို ပြီးမြောက်သူနည်းပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပြီး စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာစတုရန်းပေ(၃၀၀၀)ကျယ်ဝန်းပါသည်။

စာသင်ကျောင်းသည် ရွာတွင်းရှိပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိကြပါသည်။ ကျောင်း၏ အမိုး၊ နံရံ၊ အခင်းသည်လည်း အရည်အသွေးအသင့်အတင့်ကောင်းမွန်ပြီး ကျောင်းသုံး ပရိဘောဂသည်လည်း လုံလောက်မှုရှိပါသည်။ကျောင်းအိမ်သာမှာ ယင်လုံအိမ်သာဖြစ်သောကြောင့် ကလေးများ၏ ကျန်းမာရေးအတွက် အထူးသင့်လျော်ပါသည်။ ကျောင်းဆရာ/မဦးရေသည်လည်း အစိုးရခန့်ဆရာမ(၁)ဦးနှင့် ကျေးရွာ ကော်မတီမှခန့်ထားသော ဆရာမ(၃)ဦးရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကလေးများကို စာသင်ကြားပေးရန်အတွက် ကျောင်းဆရာ/မ လုံလောက်မှုမရှိပါ။ တပည့်-ဆရာအချိုး ၄၀:၁အောက် ဖြစ်ပြီး မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းသုံးစာရေးကိရိယာများ အစိုးရမှထောက်ပံ့ပေးသော်လည်း ကျောင်းသားဦးရေများသောကြောင့် လုံလောက်မှုမရှိပါ။ ဆင်းရဲသောအိမ်ထောင်စုများသည် မိမိစားဝတ်နေရေးအတွက် တစ်နေ့လုပ်တစ်နေ့စားရသောကြောင့် ကျောင်းစရိတ်မတတ်နိုင်မှု အနည်းငယ်ရှိပါသည်။ မိဘများမှ စားဝတ်နေရေးခက်ခဲမှုများကြောင့် မူလတန်းပြီးမြောက်၍ အလယ်တန်းကို ဆက်လက်မတက်နိုင်ကြပါ။ မိဘဆရာအသင်းမှလည်း တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် သွေးတိုးရောဂါသည် အဖြစ်အများဆုံးသော ရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဋ္ဌက်ဖျားရောဂါ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ အာဟာရချို့တဲ့မှုရောဂါတို့မှာ အဖြစ်နည်းကြပါသည်။ HIV /AIDS နှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။ ကျွန်တော်တို့ကျေးရွာသည် ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေးကို ပုံမှန်ထိုးကြ ပါသည်။ မေးခိုင် ကာကွယ်ဆေးနှင့် မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) ထိုးပေးခြင်းနှင့် အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှုများလည်းရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ တိုက်နယ်ဆေးရုံသည် ရွာနှင့် (၁)မိုင်မှ (၂)မိုင်ကြားသာ ကွာဝေးပြီး အခန်းကုတင်လုံလောက်မှုရှိပါသည်။ မြို့နယ်ဆေးရုံနှင့် (၃၃) မိုင်ခန့် ကွာဝေးသောကြောင့် အရေးပေါ်မွေးလူနာပို့ဆောင်ရာတွင် အခက်အခဲများရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဆေးဆိုင်မရှိသောကြောင့် မိုင်းယော်ကျေးရွာသို့ သွားရောက်ဝယ်ယူရပြီး

ဆေးဆိုင်တွင် ဆေးဝါးများကို စနက်တကျ သိုလှောင်ထားပါသည်။ ကျေးရွာတွင် ရေတွင်း(၃၅) တွင်းရှိပြီး နွေရာသီတွင် အနည်းငယ်ခမ်းပါသည်။ စိမ့်စမ်းရေသည် နွေရာသီတွင် နည်းပါး၍ မိုးတွင်းနှင့်ဆောင်းတွင်းတွင် များပြားပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အိမ်တိုင်းနီးပါး သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာများကိုသာ အသုံးပြုကြ ပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်တော်တို့ကောင်းသပြေကျေးရွာတွင် စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ သဘာဝ အရင်းအမြစ် ရှားပါးမှုမရှိပါ။ တိရစ္ဆာန်ကူးစက်ကျရောက်မှု အနည်းငယ်ရှိပါသည်။ သစ်ပင်များ၊ ဝါးများ ခုတ်ထွင်ခြင်းကြောင့် သစ်တောများပြုန်းတီးလာပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များစိုက်ပျိုးခြင်းမရှိပါ။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှု အားနည်းကြောင်း တွေ့ရှိ ပါသည်။

ကျွန်တော်တို့ ရွာတွင် သစ်တော၊ သစ်ပင်များပြုန်းတီးမှုကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။ ကျေးရွာအတွင်းရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ရန် အလွန်ခက်ခဲပါသည်။ ဆင်းရဲသားတောင်သူများသည် ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်ကြပြီး တစ်နေ့လုပ်၍ တစ်နေ့စားကြပါသည်။ ဘေးအန္တရာယ်များကျရောက်လာပါက ထိခိုက်သက်ရောက် မှုခံရနိုင်သည့်သူများမှာ လက်လုပ်လက်စားသမားများများပြားပါသည်။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် ပါဝင်နိုင်မှုမရှိပါ။ အိမ်မှုကိစ္စ၊ သားသမီးအရေး၊ မိသားစုအရေးများနှင့်သာ အချိန်ကုန်ဆုံးနေသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရ ပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားမျှတမှုဆိုင်ရာ လူထု၏အသိအမြင်ရှိမှု အားနည်းပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်လူရွယ်အနည်းစုသည် စိတ်အား ထက်သန်စွာ ပါဝင်ကြခြင်း မရှိကြချေ။ ဘာသာရေးလုပ်ငန်းများတွင် ဘာသာရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ရွာလုံးကျွတ်ပူးပေါင်းပါဝင်ကြပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူ ပစ္စည်းများ လုံးဝမရှိပါ။ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့် ရပ်ရွာပွဲများတွင် လူငယ်များသည် တိုးနယားအကများ၊ ရှမ်းယဉ်ကျေးမှု အကအလှများဖြင့် ကပြ ဖျော်ဖြေလေ့ရှိ**ပါသည်။** ကျေးရွာတွင် လူငယ်များ စာဖတ်လေ့လာရန် စာကြည့်တိုက်မရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်းရှိသော်လည်း အင်တာနက်လိုင်းများနှင့် ရုပ်မြင်သံကြားလိုင်းများ မရရှိပါ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦးများမရှိပါ။ အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများမရှိပါ။ မူခင်းများ ကာကွယ်တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများ မရှိပါ။ ကျွန်တော်တို့ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှုနှင့်အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးသုံးစွဲမှုအနည်းငယ်ရှိပါသည်။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	၁	✔				
၂	ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၂	✔	✔	✔		
၃	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ	၄	✔	✔	✔		
၄	စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း	၅	✔	✔	✔	✔	✔
၅	ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်း	၃			✔	✔	
၆	ဌာနမှဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ရန်	၆		✔	✔	✔	✔
၇	မျူးယစ်ဆေးဝါးပညာပေးသင်တန်းဖွင့်လှစ်ရန်	၇		✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ကောင်းသပြေကျေးရွာ

ကျေးရွာ	- ကောင်းသပြေကျေးရွာ
ကျေးရွာအုပ်စု	- နောင်မွန်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- တွင်းနက်တူးဖော်ခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကွန်ကြိုင်းကျေးရွာတွင် စိမ့်စမ်းရေများရရှိသော်လည်း သန့်ရှင်းသော ရေကောင်းရေသန့်များ မရရှိခြင်း၊ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိခြင်းစသည့်အခက်အခဲများစွာရှိသောကြောင့် တွင်းနက်တူးဖော်ခြင်း စီမံချက်ကို တောင်းခံရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ရေကောင်းရေသန့်ရရှိရန်၊ • သောက်သုံးရေလုံလောက်စွာ ရရှိရန်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ရေကောင်းရေသန့်ရရှိခြင်း၊ • ရွာသူရွာသားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ • စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ရွာရှိဘုန်းကြီးကျောင်းများတွင် ရေရရှိခြင်း၊ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • တွင်းနက်တူးဖော်ခြင်းလုပ်ငန်း(၄" Ø ၄၀၀')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ၂၆၅၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၁	၁၁၄	၂၄၅		၁၃	၁၅	၂၆	၅၄
အကျိုးခံစားမည့်သူဦးရေ	၁၃၁	၁၁၄	၂၄၅		၁၃	၁၅	၂၆	၅၄
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကောင်းသပြေကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁.၁၂.၂၀၂၁

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၃၁.၁.၂၀၂၂

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။
- တွင်းနက်တူးဖော်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- တွင်းနက်တူးဖော်ခြင်းအား မပျက်စီးအောင် ကျေးရွာသူ/ ကျေးရွာသားများ အားလုံး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ကြာရှည်ခိုင်ခံ့တည်မြဲစေရန် ကျေးရွာရန်ပုံငွေဖြင့် အစဉ်ပြုပြင်ထိန်းသိမ်းသွားပါမည်။
- ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောင်မွန်ကျေးရွာအုပ်စု၊ ကောင်းသပြေကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသာအေး	ဦးဆုဝဏ္ဏ	၁၃/လရန(နိုင်)၀၃၉၂၄၆	၅၉	ဥက္ကဋ္ဌ	၀၉-၇၉၂၁၉၈၄၈၁
၂	ဦးအိုက်ဆွေ	ဦးဆန်လူ	၁၃/လရန(နိုင်) ၀၃၉၁၂၅	၆၂	အဖွဲ့ဝင်	
၃	ဒေါ်နန်းခမ်းအောင်	ဦးဆန်ဆု	၁၃/လရန(နိုင်) ၁၈၇၃၃၅	၂၈	စာရင်းကိုင်	၀၉-၉၆၀၀၂၅၂၃၇
၄	ဦးစိုင်းဆာအောင်	ဦးဆန်အွမ်	၁၃/လရန(နိုင်) ၁၀၂၅၁၄	၄၀	ဘဏ္ဍာရေးမှူး	၀၉-၆၉၀၃၉၇၆၅၉
၅	ဒေါ်နန်းဆန်းလွန်	ဦးဆန်ဆန်း	၁၃/လရန(နိုင်) ၁၃၆၈၇၂	၃၂	သော့ကိုင်	၀၉-၇၈၈၁၅၆၆၁၂
၆	ဒေါ်အေးကံ	ဦးဝိန္ဒ	၁၃/လရန(နိုင်) ၁၉၄၀၂၇	၄၉	သော့ကိုင်	၀၉-၄၀၀၇၆၁၁၈၆
၇	ဦးစိုင်းခမ်းလိတ်	ဦးစံမြတ်	၁၃/လရန(နိုင်) ၁၃၇၇၃၂	၃၅	အတွင်းရေးမှူး	၀၉-၂၅၆၃၉၀၂၂၇

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁	၅		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၆	၄	၂၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၉	၅	၂၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅	၁၀	၁၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၈	၈၆	၁၆၄	၄	
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၈	၁၈	၁	
စုစုပေါင်း		၁၃၂	၁၁၄	၂၄၆	၅	
စုစုပေါင်း အိမ်ထောင်စု						၅၄

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကောင်းသပြေကျေးရွာတွင် အိမ်ထောင်စု(၅၄)အိမ်ရှိပြီး ဗမာ၅မ်း၊ကိုးကန့် လူမျိုး များ စုပေါင်းနေထိုင်လျက်ရှိပါသည်။ လူဦးရေစုစုပေါင်း(၂၄၅)ဦးရှိပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ နို့စို့အရွယ် ကလေးများအား ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးလျက်ရှိပါသည်။ ကာကွယ်ဆေးမထိုးနှံ ကြသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို (၆-၇)နှစ်မှစတင် တက်ရောက်ပညာသင် ကြရပါသည်။ ကလေးဦးရေများပြား၍ စားဝတ်နေရေး ခက်ခဲမှုများနှင့် ကြုံတွေ့ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃၄	၆၃		၃၈	၂၅		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၉		၇	၂		မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း						၃	မြင့်☐လတ်☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း						၃	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၄	၂၆		၁၅	၁၁		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၅၄	၉၈		၆၀	၃၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကောင်းသပြေကျေးရွာတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်သူများ ပါသည်။ မြေယာမဲ့များသောကြောင့် လုပ်သားအင်အားလုပ်ကိုင်နိုင်မှုများပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါသည်။ တောင်ယာလုပ်ငန်းများတွင် နေ့စားအငှားလိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ပေါင်းရှင်းခြင်း၊ စပါးစိုက်ခြင်းများလည်း လုပ်ကိုင်ပြီး စားသောက်ကြပါသည်။ လားရှိုးမြို့၊ လောက်ကိုင်မြို့နှင့် တရုတ်ပြည်၊ ထိုင်းနိုင်ငံသွားရောက်၍ အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျေးရွာတွင် ဈေးရောင်းခြင်းလုပ်ငန်း လုပ်ကိုင်သည့် ဈေးဆိုင်(၄)အိမ်ရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကောင်းသပြေကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူနည်းပါသည်။ ကျေးရွာတွင် တောင်ယာနေ့စားလုပ်အားခကို အနည်းဆုံး(၅၀၀၀)ကျပ်မှ အများဆုံး(၇၀၀၀)ကျပ်တို ရရှိပါသည်။ နေ့စားလုပ်ခနည်းပါးနေခြင်း၊ ကျေးရွာအတွင်း အမြဲလုပ်ငန်းခွင်မရှိခြင်း များကြောင့် ရွာတွင်း လုပ်ကိုင်သူများပြီး အခြားမြို့များသို့ သွားရောက် လုပ်ကိုင်သူနည်းပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၄	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၀	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၄	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

